## ဝါဟာဘီ ဝါဒ

အေဒီ ၁၈ ရာစု အတွင်းတွင် မုဟမ္မဒ် အိဗနိ အဗ္ဗဒူလ် ဝဟာဗ် (၁၇၀၃–၁၇၉၂) ဦးဆောင်သော ဝါဟာဘီဝါဒ ဘာသာရေးလှုပ်ရှားမှုသည် အာရေဗီယား အလယ်ပိုင်း နဂျစ်မှ တွင် ဖြစ်ပေါ်လာ၍၊ ၎င်းသည် သာသာနာ သန့်ရှင်းစင်ကြယ်ရေးကို ဦးတည်ခဲ့သည်။ ဝဟာဗ်သည် သူတွေးခေါ်သော ခေတ်ဦးပိုင်း အစ္စလာမ့် သာဝကကြီးများ၏ (အက်စ် ဆလာ့ဖ် အက်စဆွာလေဟီးမ်) လမ်းစဉ်အတိုင်း အစ္စလာမ်ကို မူရင်း အဖြစ် ပြန်လည် ဆောင်ကြဉ်းလိုခဲ့၍၊ ဘာသာရေးချဲ့ထွင်မှုများ (ဗီဒါအတ်) ကို ရောပြွန်းကိုးကွယ်မှု (ရှရိက်ခ်)များဖြစ်သည်ဟု ထုတ်ဖော် ပယ်ချခဲ့သည်။ သူသည် တဖြေးဖြေးနှင့် ရာရှီဒီများကို အောင်နိုင်လွှမ်းမိုး၍ အာရေဗျ အလယ်ပိုင်းဒေသကို ထိန်းချုပ်လာသော စအု (ဒ်) မိသားစုနှင့် မဟာမိတ်ပြုလျှက် အော်တိုမင်အင်ပါယာအား တော်လှန်မှုပေါင်း များစွာ ပြုလုပ်ခဲ့ပေသည်။ ၎င်းသည် သိက္ခာချ နှိမ်နင်းခံရပြီး မကြာမှီပင် မက္ကာဟ်နှင့် မဒီနာကို သိသာစွာ အောင်မြင်လာခဲ့၍ နောက်ဆုံးတွင် ဆော်ဒီအာရေဗီးယား ကိုဖေါ်ထုတ် တည်ထောင်ခဲ့သည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com